CHINA · YUNNAN
HEADLINE
၁၀ ဇန်နဝါရီ-၆ ဖေဖော်ဝါရီ ၂၀၁၈ Vol.88
Yunnan Daily Press Group ရန်ကုန်တိုင်းမ် THE YANGON TIMES A

“လန်မဲပူးပေါင်းဆောင်ရွက်ရေး”

# လန်မဲပူးပေါင်းဆောင်ရွက်ရေး ဒုတိယအကြိမ်ခေါင်းဆောင်အစည်းအဝေးဖွင့်လှစ်ခဲ့

(၁၀)ရက်နေ့ဖနွမ်းပင်တွင် လန်ချန်းမြစ်-မဲခေါင်မြစ်(အောက်တွင်“လန်မဲ”ဟု အတိုချုံးခေါ်ဝေါ်သည်) ပူးပေါင်းဆောင်ရွက်ရေး ဒုတိယအကြိမ်ခေါင်းဆောင်အစည်းအဝေးကိုဖွင့်လှစ်ကျင်းပခဲ့သည်။ တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ်လီခက်ချန်းနှင့် ကမ္ဘောဒီးယားနိုင်ငံတော်ကောင်စီဝန်ကြီးချုပ်ဟုန်စိန်းတို့က အစည်းအဝေးကို ပူးတွဲဦးဆောင်ကျင်းပခဲ့သည်။

အစည်းအဝေးသို့ လာအိုနိုင်ငံဝန်ကြီးချုပ်ထွန်းလွင်၊ မြန်မာနိုင်ငံဒုသမ္မတဦးမြင့်ဆွေ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်ပါယူနှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်ယွမ်ချွင်းဖူတို့ တက်ရောက်ခဲ့ကြပါသည်။

ယခုအကြိမ်အစည်းအဝေးခေါင်းစဉ်မှာ “ကျွန်တော်တို့၏ ငြိမ်းချမ်းနှင့်ဆက်လက်ဖွံ့ဖြိုးတိုးတက်သောမြစ်” ဖြစ်သည်။ အစည်းအဝေးတွင် လန်မဲပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်ကို ပြန်လည်ကြည့်ရှုပြီး အနာဂတ်ဖွံ့ဖြိုးတိုးတက်သည့်လမ်းကြောင်းကိုစီမံကြကာ လန်မဲပူးပေါင်းဆောင်ရွက်ရေးကို မွေးမြူကာလမှ ကြီးထွားကာလသို့ရောက်အောင် တွန်းတင်မည်ဖြစ်သည်။

လန်မဲပူးပေါင်းဆောင်ရွက်ရေးသည် ဒေသနယ်ပယ်တွင် ခွန်အားအရှိဆုံး၊ ရလဒ်အပြည့်ဝဆုံးသော ပူးပေါင်းဆောင်ရွက်ရေးစနစ်တစ်ခု ဖြစ်လာနေကြောင်း လီခက်ချန်းက တင်ပြခဲ့သည်။ တရုတ်နိုင်ငံဖက်သည် မဲခေါင်မြစ်နိုင်ငံများနှင့် အတူလန်မဲမြစ်ဝှမ်းဒေသနယ်ပယ်စီးပွားဖွံ့ဖြိုးတိုးတက်ဇုန်ကို တည်ဆောက်ရန်၊ လန်မဲနိုင်ငံ ကံကြမ္မာတူတစ်ကိုယ်တည်းထုကို တည်ဆောက်ရန် လိုလားပါသည်။ လန်မဲပူးပေါင်းဆောင်ရွက်ရေးကို မွေးမြူကာလမှကြီးထွားမှုကာလသို့ ချောမွေ့စွာလျှောက်လှမ်းနိုင်ရန် တွန်းတင်ခြင်း၊ ဒေသခွဲနှင့် South-Southပူးပေါင်းဆောင်ရွက်ရေးစံပြကို တည်ဆောက်ခြင်းအတွက် အောက်ပါအကြံပေးချက်များကို လီခက်ချန်းမှ တင်ပြခဲ့သည်။

ပထမအချက်မှာ-ရေအရင်းအမြစ်ပူးပေါင်းဆောင်ရွက်ရေးကို ကောင်းစွာလုပ်ဆောင်ရမည်။ အချင်းချင်းယုံကြည်၊ နားလည်၊ အားပေးရမည်။ အထက်ပိုင်းနှင့်အောက်ပိုင်းမြစ်ဝှမ်းညှိနှိုင်းမှုကို ခိုင်မာစွာလုပ်ဆောင်ပြီး အချင်းချင်းဂရုပြုကာ စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဇီဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးတို့အကြား ဆက်ဆံရေးကို စုစည်းကာလုပ်ဆောင်ရမည်။

ဒုတိယအချက်မှာရေအားအဆောက်အအုံဆောက်လုပ်ရေးစသည့် စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေးကို ခိုင်မာစွာလုပ်ဆောင်ရမည်ဖြစ်သည်။ တရုတ်နိုင်ငံတွင် ဈေးနှုန်းချိုသာ အရည်အသွေးမြင့်သော ရေအားလျှပ်စစ်ပေးစက် ကိရိယာနှင့် လုပ်ငန်းဆောက်လုပ်ရေးအင်အားရှိနေပါသည်။ မဲခေါင်မြစ်ဝှမ်းနိုင်ငံများ၏ လိုလားချက်နှင့် ကိုက်ညီသည်။ လန်မဲနိုင်ငံ စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကြေငြာချက်ကို အကောင်အထည်ဖော်ပြီး လန်မဲနိုင်ငံအချင်းချင်း အပြန်အလှန်ချိတ်ဆက်ရေးစီမံကိန်းများနှင့် လန်မဲနိုင်ငံ စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေးလှုပ်ရှားမှုစီမံကိန်းများကို သတ်မှတ်ရမည်။ ယခုလက်ရှိ စီးပွားကုန်သွယ်ပူးပေါင်းဆောင်ရွက်ဇုန်၊ နယ်ခြားစီးပွားပူးပေါင်းဆောင်ရွက်မှုဇုန်တို့ကို အတူဆောက်လုပ်ရမည်ဖြစ်သည်။






တတိယအချက်မှာ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ရမည်ဖြစ်သည်။ တရုတ်နိုင်ငံဖက်သည် မဲခေါင်မြစ်ဝှမ်းနိုင်ငံများသို့ လုပ်ငန်းရှင်များသွားရောက်ပြီး စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းကုန်ချောထုတ်ပိုးမှု ပူးပေါင်းဆောင်ရွက်ခြင်းကိုအားပေး၍ တတိယဈေးကွက်ကို အတူတိုးချဲ့ကြမည်။ မဲခေါင်မြစ်ဝှမ်းနိုင်ငံများနှင့် စိုက်ပျိုးရေးသိပ္ပံပူးပေါင်းဆောင်ရွက်ရေးကိုလုပ်ဆောင်ရန် လိုလားသည်။ စိုက်ပျိုးရေးနည်းပညာဖလှယ်ရေး၊ ပူးတွဲသုတေသနလုပ်ခြင်းနှင့် ရင်းနှီးကုန်သွယ်ပူးပေါင်းဆောင်ရွက်ရေးစင်မြင့်ကို တည်ဆောက်မည်ဖြစ်သည်။

စတုတ္ထအချက်မှာ လူ့စွမ်းအားအရင်းအမြစ်ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်မည်။ တရုတ်နိုင်ငံသည် မဲခေါင်မြစ်ဝှမ်းနိုင်ငံများအတွက် လိုအပ်သည့် အဆင့်ဆင့်လူထူးလူချွန်များကို မွေးထုတ်ပေးရန်လိုလားသည်။ အထက်တန်းကျောင်းများအတွင်းတွင် မွေးထုတ်ရေးစီမံကိန်းများလုပ်ဆောင်ရန် အားပေးပြီး အသက်မွေးဝမ်းကျောင်းများ ပူးပေါင်းဆောင်ရွက်ရေးကို တွန်းတင်ရမည်ဖြစ်သည်။

ပဉ္စမအချက်မှာ ဆေးဝါးကုသမှုကျန်းမာရေးပူးပေါင်းဆောင်ရွက်ရေးကို တွန်းတင်မည်။ သက်ဆိုင်ရာနိုင်ငံများတို့၏ ဆေးဝါးကုသမှုကျန်းမာရေးစနစ်ဆောက်လုပ်ရေးကို ထောက်ပံ့ကူညီပေးမည်။

အစည်းအဝေးသို့ပါဝင်တက်ရောက်သည့်ခေါင်းဆောင်များသည် ဝန်ကြီးချုပ်လီခက်ချန်းမှ မဲခေါင်မြစ်ဝှမ်းနိုင်ငံများ၏ရေရှည်အကျိုးအမြတ်နှင့်ကိုက်ညီသောတင်ပြချက်များကို အထူးချီးကျူးခဲ့သည်။ တရုတ်နိုင်ငံမှ နိုင်ငံအသီးသီး၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီမှုများကို ကျေးဇူးတင်ခဲ့သည်။ လန်မဲပူးပေါင်းဆောင်ရွက်ရေးစနစ်တည်ထောင်သည့်အချိန်မှာ တိုတောင်းသော်လည်းရလဒ်ပြည့်ဝသည်ဟု ထင်မြင်ယူဆကြသည်။ အိမ်နီးချင်းနိုင်ငံများချစ်ကြည်ရင်းနှီး၊ အကျိုးတူအောင်မြင်ခြင်း၏ ကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်ရေးရှေ့ရေးကိုဖော်ပြခဲ့သည်။ နိုင်ငံအသီးသီးတွင် ပူးပေါင်းဆောင်ရွက်သောနိုင်ငံရေးလိုလားချက်နှင့် စီးပွားရေးအပြန်အလှန်ဖြည့်စွက်ပေးသည့် အားသာချက်များရှိနေပါသည်။ လန်မဲပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုကြီးမားလာစေခြင်း၊ ရေအရင်းအမြစ်၊ အချင်းချင်းချိတ်ဆက်၊ စိုက်ပျိုးရေး၊ လူနေမှုယဉ်ကျေးမှုစသည့် နယ်ပယ်တွင်းပူးပေါင်းဆောင်ရွက်ရေးများကို ပိုမိုခိုင်မာအောင်လုပ်ဆောင်ရန် အရှိန်အဟုန်တိုးတွန်းတင်မည်ဖြစ်သည်။ ဒေသခံနယ်ပယ်၏ ငြိမ်းချမ်းရေးနှင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်နိုင်ရေးကို တွန်းဆော်မည်ဖြစ်သည်။

အစည်းအဝေးတွင် လန်မဲနိုင်ငံစွမ်းအင်ပူးပေါင်းဆောင်ရွက်ရေးလှုပ်ရှားမှု(၅)နှစ်စီမံကိန်း (၂၀၁၈-၂၀၂၂)နှင့် လန်မဲနိုင်ငံစွမ်းအင်ပူးပေါင်းဆောင်ရွက်ရေး ဒုတိယအကြိမ်ခေါင်းဆောင်အစည်းအဝေးဖနွမ်းပင်ကြေငြာချက်တို့ကို ထုတ်ပြန်ခဲ့သည်။

အစည်းအဝေးပြီးသည့်နောက် လီခက်ချန်းနှင့် နိုင်ငံတကာခေါင်းဆောင်များသည် လာအိုနိုင်ငံမှနောက်တစ်ကြိမ် လန်မဲပူးပေါင်းဆောင်ရွက်ရေးပူးတွဲဥက္ကဋ္ဌအဖြစ် ထမ်းဆောင်မည့် ဆက်ခံခြင်းအခမ်းအနားကို တက်ရောက်ခဲ့သည်။

ဆင်ဟွာသတင်းဌာန

# တရုတ်နိုင်ငံမှ နိုင်ငံခြားသားများပညာရှင်များအတွက် အစိမ်းရောင်လမ်းကြောင်းဖွင့်လှစ်ပေးမည်

တရုတ်နိုင်ငံ နိုင်ငံခြားပညာရှင်ညွှန်ကြားမှုဦးစီးဌာနမှ ရရှိသောသတင်းအရ နိုင်ငံခြားပညာရှင်ညွှန်ကြားမှုဦးစီးဌာန၊ ပြည်ပလမ်းပန်းသွားလာရေးဌာနနှင့် ရဲတပ်ဖွဲ့ဌာနတို့မှပူးတွဲပြီး နိုင်ငံခြားအထက်မြက်ထူးချွန်သူဗီဇာစနစ်အကောင်ထည်ဖော်စနစ်ကိုထုတ်ပြန်ခဲ့ပြီး နိုင်ငံခြားထက်မြက်ထူးချွန်လူပညာရှင်များအတွက် အစိမ်းရောင်လမ်းကြောင်းကို ပေးခဲ့ပါကြောင်း သိရပါသည်။

စနစ်ကို အကောင်အထည်ဖော်ရန် အဓိကပေါ်လစီများတွင် ထက်မြက်ထူးချွန်သူဗီဇာချပေးခြင်းဧရိယာကို တိုးချဲ့မည်ဖြစ်ကြောင်း နိုင်ငံခြားသားတရုတ်နိုင်ငံသို့ အလုပ်လုပ်ခြင်းအမျိုးအစားစံနှုန်း(စမ်းသပ်)တရုတ်ပြည်တွင်းပြည်ပ ထက်မြက်ထူးချွန်လူစံနှုန်းနှင့်နှင့် ကိုက်ညီသော၊ “အဆင့်မြင့်ထိပ်တန်း”နှင့် ဈေးကွက်လိုလားချက်ဖြစ်သော သိပ္ပံပညာရှင်၊ သိပ္ပံပညာဦးဆောင်ထက်မြက်ထူးချွန်သူ၊ နိုင်ငံတကာလုပ်ငန်းရှင်များ၊ အထူးထက်မြက်သူနှင့် အဆင့်မြင့်နည်းပညာထက်မြက်သူများ စသည့်တရုတ်နိုင်ငံစီးပွားလူမှုရေး ဖွံ့ဖြိုးတိုးတက်ရာတွင် လိုအပ်သည့် နိုင်ငံခြားအဆင့်မြင့်ထက်မြက်သူနှင့် လိုလားသည့်ထက်မြက်လူများသည် ထက်မြက်ထူးချွန်သူဗီဇာကို လျှောက်ထားနိုင်ကြောင်း၊ ထက်မြက်ထူးချွန်သူ ဗီဇာအကျိုးသက်ရောက်သက်တမ်းနှင့်နားနေနိုင်သည့် ရက်စွဲသက်တမ်းကို ထပ်မံတိုးပေးမည်ဖြစ်ကြောင်း၊ ပြည်နယ်ဇုန်မြို့ နိုင်ငံခြားပညာရှင်ညွှန်ကြားမှုဦးစီးဌာနမှ အချက်အလက်ပြည့်စုံသည်ဟု သေချာသတ်မှတ်ခံရသည့် နိုင်ငံခြားထက်မြက်သူများသည် (၅)နှစ်မှ(၁၀)နှစ်အထိ အကျိုးသက်ရောက်သည့်၊ အကြိမ်များစွာနိုင်ငံဝင်ထွက်နိုင်သည့်၊ တစ်ကြိမ်လျှင်ရက်(၁၈၀)နေထိုင်နိုင်သည့် ထက်မြက်ထူးချွန်သူဗီဇာရရှိနိုင်ကြောင်း၊ ယင်း၏အိမ်ထောင်ဖက်နှင့် အရွယ်မရောက်သားသမီးများလည်းအကျိုးသက်ရောက်ရက်စွဲတူညီသော၊ အကြိမ်များစွာနိုင်ငံဝင်ထွက်နိုင်သော သက်ဆိုင်သည့်ဗီဇာကိုရရှိနိုင်ကြောင်း၊ ထက်မြက်ထူးချွန်သူဗီဇာလျှောက်ထားလုပ်ဆောင်သည့်အချိန်ကို မြှင့်တင်မည်ဖြစ်ပြီးအွန်လိုင်း၊ ချက်ချင်းစစ်ချက်ချင်းလုပ်သောစနစ်ကို လုံးဝလုပ်ဆောင်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားထက်မြက်ထူးချွန်သူအရည်အသွေးစစ်ဆေးသေချာအချိန်ကို အလုပ်ရက်(၅)ရက်အထိလျှော့ချပြီး ထူးချွန်သူနှင့် ယင်းအိမ်ထောင်ဖက်နှင့်သားသမီးဗီဇာကို အမြန်ဆုံးလျှောက်ထားသည့် ဒုတိယရက်တွင်ရရှိအောင်လုပ်ဆောင်မည်ဖြစ်ကြောင်း၊ လျှောက်ထားစရိတ်အခမဲ့ဖြင့် နိုင်ငံခြား ထက်မြက်ထူးချွန်သူနှင့် ယင်းမိသားစုဝင်များဗီဇာစရိတ်နှင့် အမြန်ကြေးစရိတ်များအခမဲ့ဖြင့် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း စသည်ဖြင့် နိုင်ငံခြားပညာရှင်ညွှန်ကြားမှုဦးစီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူမိတ်ဆက်ခြင်းအရသိရပါသည်။

သတင်းထောက် ရပ်ဝူမင်

ပိုမိုများပြားသော
သတင်းအချက်အလက်များကို
သိလိုလျှင် ယူနန်အမြန်သတင်းစဉ်
ဝက်ဆိုက်ကို ဝင်ရောက်ပါ။
english.yunnan.cn